ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)
၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

စမ်းသပ်စိုက်ပျိုးရမည့် ဦးစားပေးသီးနှံများ ထုတ်ပြန်ကြေညာခြင်း

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် အောက်ဖော်ပြပါ သီးနှံအုပ်စုများတွင်ပါဝင်သော **ဦးစားပေးသီးနှံ (၂၁) မျိုး၏ မျိုးကွဲအလိုက် စမ်းသပ်စိုက်ပျိုးရမည်** ဖြစ်ကြောင်းနှင့် ကျန်သီးနှံမျိုးများအား Document အပြည့်အစုံဖြင့် လျှောက်ထားရန် ထုတ်ပြန်ကြေညာလိုက်သည်။

စဉ်	နှံစားသီးနှံများ	ပဲမျိုးစုံသီးနှံများ	အမြစ်နှင့်ဥစားသီးနှံများ	ဆီထွက်သီးနှံများ	ဥယျာဉ်ခြံသီးနှံများ သစ်သီးပင်များ	ဥယျာဉ်ခြံသီးနှံများ ဟင်းသီးဟင်းရွက်များ	စက်မှုကုန်ကြမ်းသီးနှံများ
၁။	စပါး	မတ်ပဲ	အာလူး	မြေပဲ	သဇော်	ငရုတ်	ဝါ
၂။	ပြောင်း	ပဲတီစိမ်း		နေကြာ	ဖရဲ	ခရမ်းချဉ်	ရော်ဘာ
၃။		ကုလားပဲ		နှမ်း	သခွားမွေး	ကြက်သွန်နီ	
၄။		ပဲစဉ်းငုံ				သခွား	
၅။						ဂေါ်ဖီထုပ်	
၆။						ပန်းမုန်လာ	

ခြွင်းချက် - မြေယာအလှအပင်များ၊ အလှစိုက်ပန်းပင်များနှင့် တိရိစ္ဆာန်စာအပင်များ (Landscape, Ornamentals and Forage) အား မျိုးစေ့လုပ်ငန်းလိုင်စင်သာ လျှောက်ထားရန်

(ဥက္ကဋ္ဌ)
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ မျိုးစေ့ဥပဒေ/၀၂၅/၂၀၁၇-၁၈/ ၁၀၇၄
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်
ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး /ပြည်နယ်ဦးစီးမှူးများ
တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံများ
မျိုးစေ့ကုမ္ပဏီများအားလုံး

အမိန့်အရ

(ဒေါက်တာရဲထင့်ထွန်း)
အတွင်းရေးမှူး
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ